## People's Defence Force (Kalay) ၏ ပြည်သူ့ခုခံတွန်းလှန်စစ် တိုးတက်မှုအစီရင်ခံစာ

ဖေဖော်ဝါရီလ (၁) ရက်၊ ၂၀၂၂ ခုနှစ်

**နိဒါန်း**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် မင်းအောင်လှိုင်ဦးဆောင်သောစစ်အုပ်စုက လက်နက်အားကိုးဖြင့် နိုင်ငံတော်အာဏာကို အဓမ္မသိမ်းယူခဲ့ပြီး ပြည်သူလူထုက ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော နိုင်ငံ့ခေါင်းဆောင်များနှင့်တကွ တက်ကြွလှုပ်ရှားသူခေါင်းဆောင်များ၊ တတ်/သိပညာရှင်များစွာကို မတရားဖမ်းဆီးချုပ်နှောင်ခဲ့ပါသည်။ ဤသို့ စစ်အုပ်စု၏ နိုင်ငံတော်နှင့်ပြည်သူလူထုအပေါ် တရားမဲ့ပြုကျင့်သည့်လုပ်ရပ်အား နိုင်ငံတစ်ဝန်းလုံးရှိ ရဟန်း၊ ရှင်၊ လူ၊ ပြည်သူအပေါင်းက လက်ခံနိုင်ခြင်းမရှိသောကြောင့် နည်းလမ်းပေါင်းစုံဖြင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကန့်ကွက်ခဲ့ကြပါသည်။ ထို့နောက် Civil Disobedience Movement ဟုခေါ်ဆိုသော စစ်ကောင်စီအားဖီဆန်အံတုသည့် လှုပ်ရှားမှုကြီးတွင် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ အင်အားအလုံးအရင်းဖြင့် ပူးပေါင်းပါဝင်လာခဲ့ပြီး စစ်ကောင်စီ၏ ပြည်သူ့ဝန်ဆောင်မှုနှင့် အုပ်ချုပ်မှုယန္တရား မလည်ပတ်နိုင်သည့်အခြေအနေအထိ ဆိုက်ရောက်သွားခဲ့ပါသည်။ နွေဦးတော်လှန်ရေးဟုခေါ်တွင်မည့် နိုင်ငံတစ်ဝန်းမှ ပြည်သူလူထု၏ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုနှင့် ဖီဆန်ရေးလှုပ်ရှားမှုများ တစ်ရက်ထက်တစ်ရက် အရှိန်အဟုန် ပိုမိုမြင့်တက်လာခဲ့ပြီးနောက် စစ်ကောင်စီကလည်း ငြိမ်းချမ်းစွာဆန္ဒပြသော ပြည်သူများအား ပစ်ခတ်သတ်ဖြတ်ခြင်း၊ ရက်စက်စွာရိုက်နှက်ဖမ်းဆီးဖြိုခွဲခြင်း စသည့် အကြမ်းဖက်မှုများကို ပို၍လုပ်ဆောင် လာခဲ့ပါသည်။ ယခုအချိန်အထိ တစ်နိုင်ငံလုံးတွင် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုကြောင့် ပစ်ခတ်သတ်ဖြတ်ခံရသူ ၁,၅၀၀ ခန့်ရှိပြီး၊ ဖမ်းဆီးထိန်းသိမ်းခံရသူ ၁၂,၀၀၀ ခန့်ရှိခဲ့ပြီဖြစ်သည်။

ကလေးဒေသသည် နွေဦးတော်လှန်ရေးစတင်ချိန်ကတည်းက မြို့နယ်လူထုတစ်ရပ်လုံး သွေးစည်းညီညွတ်စွာဖြင့် တော်လှန်ရေးအလံတော်များကို အမြင့်ဆုံးလွှင့်တင်ပြီး သပိတ်စစ်ကြောင်းများ အင်ပြည့်အားပြည့် အရှိန်အဟုန်ပြင်းစွာ နေ့စဉ်မပျက်ချီတက်နိုင်ခဲ့သည့် ဒေသတစ်ခုဖြစ်သည်။ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သော သပိတ်စစ်ကြောင်းများအား စစ်ကောင်စီက ရက်စက်စွာ ပစ်ခတ်ဖြိုခွင်း၍ အကြမ်းဖက်မှုများ လုပ်ဆောင်လာသည့်အတွက် ၂၀၂၁ ခုနှစ် မတ်လ ၂၇ ရက်နေ့မှစတင်၍ ကလေးမြို့တွင်း၌ တာဟန်းခံတပ်၊ ကလေး-ဂန့်ဂေါလမ်းမကြီး စည်သာရွာနှင့် နတ်မြောင်းရွာအကြား၌ တောင်ပိုင်းခံတပ် တို့ဖြင့် အခုအခံအတားအဆီးများ တည်ဆောက်ပြီး လက်လုပ်တူမီးသေနတ်၊ ခါးချိုးသေနတ်နှင့် အခြားရရာ လက်နက်များကိုင်ဆောင်၍ စစ်ကောင်စီအား ပထမဦးဆုံး ပြန်လည်ခုခံတိုက်ခိုက်ခဲ့သော ဒေသတစ်ခုအဖြစ် နွေဦးတော်လှန်ရေးသမိုင်းတွင် မှတ်တမ်းဝင်ခဲ့ပြီး ဖြစ်ပါသည်။

**PDF (Kalay) ဖွဲ့စည်းတည်ထောင်မှု၊ မဟာမိတ်ဖွဲ့စည်းမှုနှင့် တိုက်ပွဲများ**

စစ်ကောင်စီ၏ ဖိနှိပ်အကြမ်းဖက်မှုများကို ခုခံတွန်းလှန်နိုင်ရန်အတွက် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People's Defence Force) ဖွဲ့စည်းတည်ထောင်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရက ၂၀၂၁ ခုနှစ် မေလ ၅ ရက်နေ့တွင် ကြေညာခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရ၏ ဦးဆောင်လမ်းညွှန်မှု အတိုင်း ပြည်သူ့ခုခံစစ်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကလေးမြို့နယ်အတွင်းရှိ လက်နက်ကိုင်တော်လှန်ရေး အင်အားစုများ စုစည်းညှိနှိုင်းကာ ခိုင်မာသည့်မူဝါဒများချမှတ်၍ People's Defence Force (Kalay) ကို ၂၀၂၁ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ လက်ရှိအချိန်တွင် PDF (Kalay) သည် ကလေးမြို့နယ်အတွင်း၌ (Zomi PDF တပ်ရင်းအပါအဝင်) တပ်ရင်း ၉ ရင်းအထိ ဖွဲ့စည်းထားနိုင်ခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်မတော်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကွပ်ကဲမှုအောက်တွင် စဉ်ဆက်မပြတ် လေ့ကျင့်၊ တိုက်ပွဲဝင်လျက်ရှိပါသည်။ ဒေသတွင်းစစ်ရေးလှုပ်ရှားမှုများ၌ ပိုမိုထိရောက်စွာ အကောင်အထည် ဖော်နိုင်ရန် CNO/CNDF နှင့် ZFU/PDF (Zoland) တို့ဖြင့် ညီနောင်မဟာမိတ်ဖွဲ့စည်းနိုင်ခဲ့ပြီး CNA ၊ CDM (Siyin) ၊ CDF (KKG) ၊ RKDF ၊ PDA ၊ Zogam Army ၊ Zo Defense Force ၊ YDF စသည့် မိတ်ဖက်တော်လှန်ရေး အဖွဲ့အစည်းများ၊ ရပ်ရွာ ပ.က.ဖအဖွဲ့များဖြင့်လည်း မြေပြင်စစ်ရေးလှုပ်ရှားမှုများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

PDF (Kalay) ကိုစတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် ၂၀၂၁ ခုနှစ် မေလမှစတင်၍ အကြမ်းဖက်စစ်ကောင်စီဖြင့် တိုက်ပွဲများ လစဉ်ဖြစ်ပွားခဲ့ရာတွင် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ အထိ အချက်အလက်များအရ စုစုပေါင်း စစ်ကောင်စီတပ်သား ၂၀၀ ကျော်ခန့်ကို သုတ်သင်ချေမှုန်းနိုင်ခဲ့သည်အထိ ရလဒ်ကောင်းများရရှိခဲ့ပြီး မိမိတို့ PDF (Kalay) တပ်ဖွဲ့ဝင်များဘက်မှလည်း ၂၀ ဦးကျော် ကျဆုံးခဲ့ပါသည်။

**PDF (Kalay) ပါဝင်တိုက်ခိုက်ခဲ့သောတိုက်ပွဲများ၏ အချက်အလက်ပြဇယား**

| | တိုက်ပွဲဖြစ်ပွားမှု အကြိမ်ရေ (မိုင်းဆွဲတိုက်ခိုက်မှုများ အပါအဝင်) | စစ်ကောင်စီဘက်မှ သေဆုံးမှု | PDF(Kalay) တပ်ဖွဲ့ဝင်များ ကျဆုံးမှု (မိုင်းမတော်တဆမှု များအပါအဝင်) |
|---|---|---|---|
| မေ၊ ၂၀၂၁ | ၁ | ၂ | |
| ဇွန်၊ ၂၀၂၁ | ၃ | ၁၃ | |
| ဇူလိုင်၊ ၂၀၂၁ | ၃ | ၂၇ | ၂ |
| ဩဂုတ်၊ ၂၀၂၁ | ၁ | ၃ | |
| စက်တင်ဘာ၊ ၂၀၂၁ | ၉ | ၂၈ | ၂ |
| အောက်တိုဘာ၊ ၂၀၂၁ | ၈ | ၃၅ | ၁ |
| နိုဝင်ဘာ၊ ၂၀၂၁ | ၈ | ၅၁ | ၁၀ |
| ဒီဇင်ဘာ၊ ၂၀၂၁ | ၆ | ၅၁ | ၅ |
| ဇန်နဝါရီ၊ ၂၀၂၂ | ၂ | ၉ | ၁ |
| **စုစုပေါင်း** | **၄၁** | **၂၁၉** | **၂၁** |

## ကလေးမြို့နယ်တိုက်ပွဲများအတွင်းစစ်ကောင်စီ၏ အကြမ်းဖက်မှုကြောင့် ပြည်သူ့အသက်အိုးအိမ်ဆုံးရှုံးမှု

| | |
|---|---|
| တိုက်ပွဲများအတွင်း စစ်ကောင်စီ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့်အရပ်သားပြည်သူသေဆုံးမှု | ၃၆ ဦး |
| မီးရှို့ဖျက်စီးခံရသော နေအိမ်အရေအတွက် | ၁၀၉ လုံး |

## နယ်မြေစိုးမိုးနိုင်မှုအခြေအနေ

လက်ရှိအချိန်တွင် ကလေးမြို့ မြို့ပေါ်ရပ်ကွက် ၂၁ ခု ကို စစ်ကောင်စီက အပြည့်အဝထိန်းချုပ်ထားနိုင်သေးသည့် အနေအထားရှိသော်လည်း မြို့ပြင်ပ ကျေးရွာအားလုံးလိုလိုမှာ စစ်ကောင်စီနှင့် ပြည်သူကာကွယ်ရေးတပ်ဖွဲ့များ နှစ်ဘက်စလုံး မည်သူကမျှ အပြည့်အဝ ထိန်းချုပ်ထားနိုင်ခြင်းမရှိသည့် အခြေအနေတွင် ရှိနေပါသည်။ အပြည့်အဝထိန်းချုပ်နိုင်ခြင်းမဟုတ်သည့်တိုင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအနေဖြင့် ကလေးမြို့နယ်အတွင်း ကျေးရွာအုပ်စုများ၏ ၇၀ % (ကျေးရွာပေါင်း ၁၀၀ ကျော်) ခန့်ကို နယ်မြေစိုးမိုးမှု အားကောင်းစွာ ရယူထား နိုင်ပြီဖြစ်သည်။

## ကြားကာလပြည်သူ့အုပ်ချုပ်ရေးအကောင်အထည်ဖော်မှု

PDF (Kalay)အနေဖြင့် စစ်ရေးပိုင်းဆိုင်ရာ စုဖွဲ့၊ လေ့ကျင့်၊ တိုက်ပွဲဝင်မှုများဆက်လက်လုပ်ဆောင်လျက်ရှိသလို တချိန်တည်းတွင် အမျိုးသားညီညွတ်ရေးအစိုးရ၏ ကြားကာလပြည်သူ့အုပ်ချုပ်ရေးအစီအစဉ်များအား မိမိတို့၏ စိုးမိုးနယ်မြေများတွင် အကောင်အထည်ဖော်နိုင်ရန် စတင်ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန၏ လမ်းညွှန်ချက် အတိုင်း ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များကို ကျေးရွာအဆင့်၌ စနစ်တကျဖွဲ့စည်းဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များ၌ တာဝန်ရှိသူများဖြင့် PDF (Kalay) က ပူးပေါင်းဆောင်ရွက်ကာ အရှိန်အဟုန်ဖြင့် စတင် အကောင်အထည်ဖော်နေပြီဖြစ်သည်။ ထို့အပြင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ စိုးမိုးနယ်မြေများတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းခဲ့သော Kalay Police Service ရဲအဖွဲ့အား ပိုမို အားကောင်းစွာ လုပ်ငန်းဆောင်ရွက် လည်ပတ်နိုင်စေရေးအတွက် လိုအပ်သည်များကို PDF (Kalay)က အပြန်အလှန် ကူညီပူးပေါင်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ Kalay Police Service ရဲအဖွဲ့အနေဖြင့် မိမိတို့၏ စိုးမိုး နယ်မြေများတွင် ရဲလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိပြီဖြစ်သည်။

အခြားပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းတစ်ခုအနေဖြင့် CDM ကျန်းမာရေးဝန်ထမ်းများနှင့် PDF (Kalay) တို့ ပူးပေါင်း၍ ကျန်းမာရေးဝန်ဆောင်မှုပေးရာနေရာ (Health Facility) ၂ခုကို တည်ထောင်နိုင်ခဲ့ပြီး တပ်ဖွဲ့ဝင်များနှင့်တကွ ပြည်သူများကိုပါ ကျန်းမာရေးဝန်ဆောင်မှုများ ပေးအပ်လျက်ရှိပါသည်။ PDF (Kalay) အနေဖြင့် အခြားသော အရေးကြီးသည့်ပြည်သူ့ဝန်ဆောင်မှုကဏ္ဍများကိုလည်း မိမိတို့စိုးမိုးနယ်မြေများတွင် တိုးချဲ့ဆောင် ရွက်သွားနိုင်ရေးအတွက် ဆက်လက်ပြင်ဆင်လျက်ရှိပါသည်။

**နိဂုံး**

တရားသောခုခံတွန်းလှန်စစ်ကို ကလေးဒေသအတွင်း ဆင်နွှဲလျက်ရှိသော PDF (Kalay) အနေဖြင့် အချိန်တိုအတွင်း စစ်ရေးစွမ်းဆောင်ရည်အရ၊ နယ်မြေစိုးမိုးနိုင်မှုအရ ဤမျှခရီးရောက်ခဲ့သည်မှာ ပြည်သူလူထု၏ အားပေးထောက်ခံမှုကြောင့်သာ ဖြစ်ပါသည်။ မည်သို့ဆိုစေ မိမိတို့အနေဖြင့် လက်နက်ခဲယမ်းအရဖြစ်စေ၊ စစ်ရေးဆိုင်ရာနားလည်ကျွမ်းကျင်မှုအရဖြစ်စေ လိုအပ်ချက်များ အမြောက်အများရှိနေသေးသည်ကို နားလည်သဘောပေါက်ထားပြီး မိမိတို့တွင် အကန့်အသတ်ဖြင့်ရှိနေသော အရင်းအမြစ်များအား အထိရောက်ဆုံး ဖြစ်အောင် အသုံးချ၍ အကြမ်းဖက်စစ်ကောင်စီအား ဆက်လက်ရင်ဆိုင်သွားမည်ဖြစ်သည်။ မည်သို့သော အခြေအနေတွင်ရောက်ရှိနေပါစေ PDF (Kalay) တပ်ဖွဲ့ဝင်များသည် ပြည်သူကိုသာ အမိ၊ အဖအဖြစ် ခံယူရင်း ပြည်သူတို့လိုလားတောင့်တသော ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်ရေးအတွက် မိမိတို့ အသက်ကိုပေးအပ်ကာ ဆက်လက်တိုက်ပွဲဝင်သွားကြမည်ဖြစ်ပါသည်။



PDF (Kalay) ၏ အခြေခံစစ်ပညာသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားတစ်ခု



ရှေ့တန်းရောက်ရဲဘော်များ



ရှေ့တန်းပြန် PDF (Kalay) တပ်ဖွဲ့ဝင်များအား ပြည်သူများမှ ကြိုဆိုဂုဏ်ပြုနေမှုမြင်ကွင်း





ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တာဝန်ခံများနှင့် Kalay Police Service ရဲအဖွဲ့မှ ကြားကာလပြည်သူ့အုပ်ချုပ်ရေး တရားဥပဒေစိုးမိုးရေးအစီအစဉ်များကို ရှင်းလင်းပြောကြားနေစဉ်





Health Facilities များတွင် ကျန်းမာရေးဝန်ဆောင်မှုပေးအပ်နေမှုမြင်ကွင်းများ